## အာဆီယံကြေညာချက်နှင့် ထုတ်ပြန်ချက်များ

အာဆီယံနိုင်ငံ့ခေါင်းဆောင်များနှင့် အာဆီယံနိုင်ငံ့ဝန်ထမ်းအကြီးအကဲများမှ လက်မှတ်ရေးထိုးခဲ့သည့် အာဆီယံနိုင်ငံ့ဝန်ထမ်းဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ(ASEAN Cooperation on Civil Service Matters–ACCSM) နှင့်စပ်လျဉ်းသော အာဆီယံကြေညာချက်များနှင့် ထုတ်ပြန်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) လာအိုနိုင်ငံမှ 15th ACCSM အစည်းအဝေးများကို အိမ်ရှင်အဖြစ် ဆောင်ရွက်သည့် ၂၀၀၉–၂၀၁၀ ကာလအတွင်း ၂၉–၁၀–၂၀၁၀ ရက်နေ့တွင် ကျင်းပသည့် 15th ACCSM Informal Meeting of ASEAN Heads of Civil Service and the Technical Meeting တွင် "အာဆီယံအပေါင်းသုံးနိုင်ငံများ၏ နိုင်ငံ့ဝန်ထမ်းပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ လွမ်ပရာဘွမ်ပူးတွဲကြေညာချက် (Luang Prabang Joint Declaration on ASEAN Plus Three Civil Service Cooperation)" ကို အာဆီယံနိုင်ငံ့ဝန်ထမ်းအကြီးအကဲများမှ လက်မှတ်ရေးထိုးခဲ့ခြင်း၊

(ခ ) မလေးရှားနိုင်ငံမှ အိမ်ရှင်အဖြစ် 27th ASEAN Summit တာဝန်ယူသည့် ကာလအတွင်း ပူထရာဂျာယာမြို့၌ ၁၇–၁၁–၂၀၁၅ ရက်နေ့တွင် ကျင်းပသည့် 1st ASEAN Heads of Civil Service Retreat ၌ "ပြည်သူဗဟိုပြုနိုင်ငံ့ဝန်ထမ်းများဖြစ်စေရေး အာဆီယံ ၂၀၁၅ ခုနှစ်အလွန် ဦးစားပေးဆောင်ရွက်ချက်များဆိုင်ရာ ပူထရာဂျာယာပူးတွဲကြေညာချက် (Putrajaya Joint Declaration on ASEAN Post–2015 Priorities Towards an ASEAN Citizen – Centric Civil Service)" ကို အာဆီယံနိုင်ငံ့ဝန်ထမ်းအကြီးအကဲများမှ လက်မှတ်ရေးထိုးခဲ့ခြင်း၊

(ဂ ) ဖိလစ်ပိုင်နိုင်ငံမှ အိမ်ရှင်အဖြစ် 30th ASEAN Summit 2017 တာဝန်ယူသည့် ကာလအတွင်း မနီလာမြို့၌ ၂၉–၄–၂၀၁၇ ရက်နေ့တွင် "အာဆီယံအသိုက်အဝန်းရည်မှန်းချက် ၂၀၂၅ အောင်မြင်စေရေး အထောက်အကူတစ်ခုဖြစ်သော အာဆီယံနိုင်ငံ့ဝန်ထမ်းအခန်းကဏ္ဍဆိုင်ရာအာဆီယံကြေညာချက် (ASEAN Declaration on the role of the Civil Service as a Catalyst for Achieving the ASEAN

Community Vision 2025)” ကို အာဆီယံနိုင်ငံ့ခေါင်းဆောင်များမှ လက်မှတ်ရေးထိုးခဲ့ခြင်း၊

(ဃ) ထိုင်းနိုင်ငံမှ 20th ACCSM အစည်းအဝေးများကို အိမ်ရှင်အဖြစ် ဆောင်ရွက်သည့် ၂၀၁၉–၂၀၂၀ ကာလအတွင်း ၂၃–၈–၂၀၁၃ ရက်နေ့တွင် ကျင်းပသည့် 3rd ASEAN Heads of Civil Service Retreat ၌ “ဒစ်ဂျစ်တယ်စီးပွားရေးခေတ်နှင့်အညီ တတ်ကြွဖျတ်လတ်သော နိုင်ငံ့ဝန်ထမ်းကဏ္ဍဖြစ်ပေါ်လာစေရေး အရှိန်မြှင့်တင်ဆောင်ရွက်ခြင်းနှင့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်မြှင့်တင်ခြင်းဆိုင်ရာ အာဆီယံကြေညာချက် (ASEAN Statement on Promotion of Good Governance and Acceleration an Agile Civil Service in a Digital Economy)” ကို အာဆီယံနိုင်ငံ့ဝန်ထမ်းအကြီးအကဲများမှ လက်မှတ်ရေးထိုးခဲ့ခြင်း၊

(င ) ဗီယက်နမ်နိုင်ငံမှ 21th ACCSM အစည်းအဝေးများကို အိမ်ရှင်အဖြစ် ဆောင်ရွက်သည့် ကာလအတွင်း ၃၀–၆–၂၀၂၁ ရက်နေ့တွင် “စိန်ခေါ်မှုအသစ်များအပေါ် နိုင်ငံ့ဝန်ထမ်းများ၏ လိုက်လျောညီထွေစွာ ပြုမူဆောင်ရွက်မှုအား တွန်းအားပေးမှုနှင့် သက်ဆိုင်သည့် အာဆီယံကြေညာချက် (ASEAN Declaration on Fostering the Civil Service’s Adaptability over the New Challenges)” ကြေညာချက်ကို အာဆီယံနိုင်ငံ့ခေါင်းဆောင်များမှ အတည်ပြုခဲ့ခြင်း၊